တက္ကသိုလ်

# နေဝင်းမြင့်

## သိုင်းကျမ်းရမွက် သွေးနှင့်စက်

ကျင်းတုံဏ်ရှေးတောင်ကျင်

ဒုတိယပိုင်း



## လိပ်ပြာနှုတ်ခမ်းရသူ

နေရောင်က ပတ်ဝန်းကျင်တစ်ခုလုံးတွင် စူးရှစွာကျရောက်နေ၏။ သစ်ပင်ရိပ်အောက်တွင် အေးရိပ်ခိုနေသော မိန်စုပင်သည် တွေးတောငေးမောနေလေသည်။

"မိန်စုပင် ..... ရှင် ဘာတွေစဉ်းစားနေသလဲ"

တာလင်း၏အသံကြောင့် မိန်စုပင် လှမ်းကြည့်လိုက်သည်။

"ဘာရယ်မဟုတ်ပါဘူး .... ဟိုရောက်ဒီရောက် စဉ်းစားနေရတာပါပဲ"

"ကျွန်မ ဇဗခင်ဟောလိုက်မယ်၊ ရှင့်အဖေနဲ့ ရှင့်ညီမလေး အကြောင်းပဲ စဉ်းစားနေတာမဟုတ်လား"

မိန်စုပင် ခေါင်းညိတ်လိုက်ရသည်။

"ဟုတ်တယ် .... ဒီအကြောင်းတွေပဲစဉ်းစားနေရတာပဲ"

"စဉ်းစားတာလဲ စဉ်းစားပေါ့ .... ရှေ့ဆက်ပြီး ဘာလုပ်မယ် ဆိုတာကို ပိုစဉ်းစားသင့်ပါတယ်"

"အဲဒါစဉ်းစားရခက်နေတာပေါ့ .... ညီမလေးကို ရန်သူ့လက် ထဲကကယ်တင်ချင်တယ်၊ ဒါပေမယ့် ဘယ်နေရာမှာ ဖမ်းထားတယ် ဆိုတာ ခုထက်ထိ မသိရသေးဘူးလေ၊ ပြီးတော့ ရန်သူနဲ့ရင်ဆိုင်နိုင် လောက်အောင်လဲ ငါကသိုင်းပညာမတတ်၊ နောက်ပြီး ငါ့အဖေကို လိုက်ရှာဖို့ကျတော့လဲ ဘယ်မြို့ဘယ်ရွာ ရောက်နေမှန်းမသိ၊ ငါ့အဖို့ တော့ အခက်ချည်းပါပဲ"

တာလင်းက ....

"ရှင့်အဖေက အရေးမကြီးပါဘူး .... သူ့ကိုလိုက်ရှာနေတဲ့လူ မရှိဘူး၊ နှိပ်စက်မယ့်လူလဲ မရှိဘူး၊ လောလောဆယ် အရေးကြီးတာ က ရှင့်ညီမလေးပါ။ သူ ရန်သူ့လက်ထဲကလွတ်မြောက်ဖို့ အရေးကြီး တယ်လေ"

"ညီမလေးကိုရှာတွေ့ဖို့ အရေးကြီးနေသလို ငါ့အဖေကို တွေ့ဖို့ကလဲ အရေးကြီးနေတာပဲ၊ ငါ့အဖေကို ပြောစရာ စကားတွေ အများကြီးရှိနေတယ်"

တာလင်း မျက်မှောင်ကုပ်သွား၏။

"ဘယ်လို .... ရှင့်အဖေကို ပြောစရာစကားတွေ အများကြီး

ရှိနေတယ်ဟုတ်လား"

"ဟုတ်တယ်"

တာလင်း မျက်မှောင်ကုပ်သွားသည်။

"ဘာလဲ .... မိန်ချုန်ယူအဖမ်းခံရတာကို ပြောပြချင်လို့လား"

"ဒါလဲပါတာပေါ့ .... ငှါအဖေက ငှါထက်အသက်အရွယ်ကြီးတယ်၊ ဗဟုသုတလဲရှိတယ်၊ ဉာဏ်အမြော်အမြင်ရှိတယ်၊ သိုင်းပညာလဲ ထူးချွန်တယ်၊ ငါတို့ ငှါအဖေကိုပြန်တွေ့ရင် အများကြီးအကျိုးရှိနိုင်တယ်"

"အင်း .... ဒါတော့လဲ ဟုတ်သား"

တာလင်းက ခေါင်းညိတ်ထောက်ခံလိုက်၏။

မိန်စုမင်က .....

"ငှါအဖေကိုတွေ့ရင် အရေးတကြီးပြောစရာ စကားတစ်ခွန်းလဲရှိသေးတယ်"

"ဆိုစမ်းပါဦး"

"ငှါအဖေက သူ့လက်ထဲက သိုင်းကျမ်းအယုခံလိုက်ရလို့ စိတ်ဓာတ်ကျပြီး သေပြီလို့ သတင်းလွှင့်ပြီး ဇာတ်မြှုပ်နေတာ မဟုတ်လား၊ တကယ်တော့ ငါတို့သယ်လာတဲ့သေတ္တာထဲမှာ ဘာသိုင်းကျမ်းမှပါမလာဘူးဆိုတာ သိရပြီမဟုတ်လား၊ ဒါကို ငှါအဖေသိသင့်တယ်"

တာလင်းက ……

"ရှင်တို့သယ်လာတဲ့သေတ္တာထဲမှာ သိုင်းကျမ်းပါမလာဘူး ဆိုတဲ့အချက်ဟာ သေချာရဲ့လား"

"သေချာသလောက် နီးနီးပါပဲ၊ အကယ်၍ သိုင်းကျမ်းပါရိုးမှန်ရင် ချိန်လီကျန်ရနေမှာပေါ့၊ ဒါဆိုရင် ငါတို့မောင်နှမနှစ်ယောက်ကို ဖမ်းစရာအကြောင်း မရှိတော့ဘူးလေ"

"အဲဒီလိုတော့ မပြောနဲ့လေ၊ သူတို့သိုင်းကျမ်းရတာကို လူမသိစေချင်လို့ ရှင်တို့မောင်နှမနှစ်ယောက်ကို အပြစ်ရှာဖမ်းတာကော မဖြစ်နိုင်ဘူးလား။ လှည့်စားတဲ့သဘောမျိုးလဲ ဖြစ်နိုင်ပါတယ်"

"အင်း …. အဲဒီလိုလဲဖြစ်နိုင်ပါတယ်၊ ငါလဲ အစကတော့ အဲဒီလိုထင်မိတယ်၊ ချိန်လီကျန်ဟာ အောက်လမ်းသိုင်းသမားတွေထဲမှာ နာမည်ကြီးတဲ့သိုင်းသမားပဲ၊ ဘယ်သူ့ကိုမှ ဂရုစိုက်စရာမလိုပါဘူး။ နောက်ပြီး ငါတို့မောင်နှမနှစ်ယောက်ကိုလဲ ဖမ်းပြီးနှိပ်စက်ဖို့ မလိုဘူး"

"ဒါဖြင့် ချိန်လီကျန်မှာ သိုင်းကျမ်းမရှိဘူးလို့ ရှင်တကယ်ယုံကြည်တာပေါ့နော်"

"ငါထင်တာလဲလေ၊ သူ ငါ့ကိုစစ်မေးနေတုန်းက တကယ့်ကို လိုချင်တဲ့ပုံစံနဲ့ စစ်မေးတာပဲ၊ ငါကတော့ သူ့ကိုယုံချင်ချင်ပါပဲဟာ"

"ဒါဖြင့်ရင် သိုင်းကျမ်းကဘယ်ရောက်သွားသလဲ"

မိန်စုပင် ဘာပြန်ပြောရမှန်းမသိအောင်ဖြစ်သွားသည်။

တာလင်းက ဆက်ပြောသည်။

"ရှင့်အဖေကလဲ ဝှက်မထားဘူး၊ ချိန်လီကျန်ကလဲ မရဘူးဆိုတော့ သိုင်းကျမ်းကဘယ်ရောက်သွားသလဲ"

"ငါ့အဖေ မဝှက်တာကတော့ သေချာပါတယ်၊ ရှောင်လင်ကျောင်းက အထွက်မှာလဲ ငါပါတာပဲ၊ လမ်းတစ်လျှောက်လုံးလဲ ငါပါတာပဲ၊ ဒီသိုင်းကျမ်း ဘုရင့်ဆီရောက်ဖို့က ငါတို့အတွက် သေရေးရှင်ရေးအရေးကြီးနေတယ် မဟုတ်လား၊ ဘိန်းကိစ္စလေ ..... ဘိန်းကိစ္စ၊ ဒီကိစ္စဟာ စဉ်းစားရခက်နေပါတယ်၊ ရှောင်လင်ကျောင်းတော်ကတော့ ဒီသိုင်းကျမ်းကို စိတ်မဝင်စားဘူးဆိုတာ ငါတို့မင်းတို့ အသိပဲ၊ အဲဒီထဲမှာ သံသယရှိစရာ အဖြစ်နိုင်ဆုံးလူကတော့ နယ်စားကြီး ဝမ်ကျိုးဝေပဲ"

"နယ်စားကြီးလား"

"ဟုတ်တယ်၊ မပြေးသော် ကန်ရာရှိဆိုတာလို နယ်စားကြီးကို အခြေအနေအရပ်ရပ်က ညွှန်ပြနေတယ်"

"နယ်စားကြီးတစ်ယောက်က ခုလို မဟုတ်တရုတ် အကြံမျိုးကြံမှါမလား"

တာလင်း၏စကားကလည်း စဉ်းစားစရာ ဖြစ်နေပြန်သဖြင့် မိန်စုပင် ငိုင်သွားသည်။

ဝမ်ကျိုးဝေသည် ရိုးသားတည်ကြည်သော နယ်စားကြီး တစ်ယောက်ဖြစ်ပေသည်။ သမာသမတ်ရှိ၍ ရိုးသားသောနယ်စား ကြီးဟု ကျော်ကြားခဲ့သည်။

သူ့ဖခင် မိန်ပူးချိန်နှင့်လည်း ညီအစ်ကိုရင်းပမာ ရင်းနှီးခင် မင်သူဖြစ်ခဲ့သည်။

မိတ်ဆွေဖြစ်သက်တမ်းက ကြာမြင့်လှချေပြီ။ ထို့ကြောင့် မိန်ပူးချန် ချောက်ကျမည့်အလုပ်ကိုလည်း မလုပ်နိုင်ပြန်ပေ။

"ငါက နယ်စားကြီးကို တရားခံပါလို့ တပ်အပ်စွပ်စွဲတာ မ ဟုတ်ဘူး၊ သံသယရှိစရာကောင်းတယ်လို့ ပြောတာပါ။ တစ်ဖက်က ကြည့်ပြန်တော့လဲ နယ်စားကြီး ဝမ်ကျိုးဝေနဲ့ ငါ့အဖေက သိပ်ရင်းနှီး တဲ့ မိတ်ဆွေတွေပါ၊ ငါ့အဖေ ဒုက္ခရောက်မယ့် အလုပ်ကို သူမလုပ် ဘူးလို့ ထင်ရပါတယ်၊ ဒါပေမယ့် လူ့စိတ်ဆိုတာ ပြောရခက်သားက လား။ သိုင်းကျမ်းကို မက်မောတဲ့စိတ်နဲ့ တစ်ကိုယ်ကောင်းဆန်ချင်ရင် လဲ ဆန်နေနိုင်တယ်၊ ဒီကိစ္စဟာ တော်တော့်ကို ပြောရခက်ပါတယ် ဟာ"

မိန်စုပင် ညည်းညူလိုက်မိသည်။

"ကဲပါလေ၊ ဒါတွေကို နောက်မှပြောကြတာပေ့ါ၊ ဗိုက်ထဲမှာ ဆာသလိုလိုရှိလာတယ်၊ ရှေ့နားက ဆန်ပြုတ်ဆိုင်မှာ ဝင်သောက်ကြရအောင်"

တာလင်းမှာလည်း ဆာလောင်နေသဖြင့် ဘာမျှစောဒက မတက်တော့ဘဲ ခပ်သွက်သွက် လိုက်ပါသွားသည်။

ညနေစောင်းသောအခါ သူတို့သည် စကားတပြောပြော ဖြင့် ဖူချောင်မြို့စွန်သို့ ထွက်လာခဲ့ကြသည်။

သူတို့ရောက်ရှိသည် မြို့စွန်မှာ လူချမ်းသာများနေထိုင်သော အပိုင်းဖြစ်သည်။

လူချမ်းသာများသည် ခြံကြီးဝင်းကျယ်နှင့် နေသဖြင့် ခြံတစ်ခြံနှင့်တစ်ခြံက အလှမ်းကွာကြသည်။

ခြံတစ်ခြံကို မြင်လိုက်ရသောအခါ မိန်စုပင်နှင့်တာလင်းတို့မှာ ခြေလှမ်းများရပ်တန့်သွားလေ၏။ အဘယ်ကြောင့်ဆိုသော် ထိုခြံအတွင်း တိုက်ခိုက်နေသောကြောင့်ပေတည်း။

"တာလင်း ..... ဟိုခြံထဲမှာ တစ်ဖက်နဲ့တစ်ဖက် တိုက်ခိုက်နေကြပါလား"

"ဟုတ်တယ် မိန်စုပင်၊ ဒါ လာလုတဲ့လူတွေနဲ့ အိမ်ရှင်ရဲ့လူတွေ တိုက်ခိုက်နေတာ ဖြစ်မယ်"

"လာလုတဲ့လူတွေ ဟုတ်လား၊ ချိန်လီကျန့်ရဲ့ တပည့်တွေများဖြစ်နေမလား"

"သူတို့ ဒီလောက်အောက်တန်းကျတဲ့ အလုပ်တော့ လုပ်မယ်မထင်ပါဘူး"

"ရှင်က မထင်နေ၊ ဟိုမှာ တွေ့လား၊ လိပ်ပြာပုံပါတဲ့ အနီရောင်အလံတစ်ခု စိုက်ထားတာ တွေ့တယ် မဟုတ်လား၊ အဲဒါ ချိန်လီကျန့်ရဲ့အမှတ်အသား အလံပဲပေါ့"

မျက်စိရှင်သည့်တာလင်းသည် အနီရောင်အလံကိုတွေ့သွားလေ၏။ ထိုအခါမှ မိန်စုပင်သည် အနီရောင်အလံကိုတွေ့သည်။

"ဟာ ..... ဟုတ်တယ်၊ ဒီအလံကို ငါကောင်းကောင်းမှတ်မိတယ်၊ ငါတို့သိုင်းသေတ္တာကို သယ်တုန်းက သူ့သန်တဲ့မှာ ဒီအလံစိုက်ထားတာပဲ၊ ပြီးတော့ ချိန်လီကျန့်တို့ လာလုကြတာပဲ"

"ဒီအထဲက တစ်ယောက်ယောက်ကိုဖမ်းပြီး စစ်လိုက်ရင်တော့ မိန်ချန်ယူအကြောင်း သိရလိမ့်မယ်ထင်တယ်"

"အင်း ..... နင်ပြောတဲ့ အကြံမဆိုးဘူး၊ ဒါပေမယ့် ငါတို့က သူတို့ကို တိုက်နိုင်ပါ့မလား"

"အိုး ..... ကျွန်မတို့က ရင်ဆိုင်တိုက်မှာမှ မဟုတ်ဘဲ၊ အလစ်တိုက်ပြီးဖမ်းမယ့်ဥစ္စာ"

"အေး ..... ဒါဆိုရင် ဖြစ်နိုင်တယ်၊ ဒါဆို 'အထဲကိုဝင်ကြစို့"

မိန်စုပင်နှင့် တာလင်းတို့သည် ခြံဝင်းကိုကျော်ဝင်လိုက်ကြ၏။ ထို့နောက် သစ်ပင်ကြီးတစ်ပင်၏ဘေးတွင်ကပ်ကာ အခြေအနေကို အကဲခတ်နေကြသည်။

အခြေအနေကတော့ မကောင်းလှချေ။

အိမ်ရှင်၏တပည့်လက်သား အများအပြားမှာ လဲကျသေဆုံးလျက်ရှိနေကြသည်။

အနက်ရောင်ဝတ်စုံများဝတ်ဆင်ထားသော ချိန်လီကျန်၏ လူများ အသာစီးရနေကြလေသည်။

"အခြေအနေကမကောင်းဘူး၊ ဒီကောင်တွေက အများကြီးသာနေတယ်၊ နောက်ပြီး ဒီကောင်တွေက လက်နက်ကိုယ်စီနဲ့ ငါတို့သွားဖမ်းလို့ ရမယ်မထင်ဘူး"

မိန်စုပင်က ပြောလိုက်၏။

တာလင်းလည်း ထိုသို့ပင် တွက်မိသဖြင့် ငြိမ်၍စဉ်းစားနေသည်။ အကောင်းဆုံးလုပ်နိုင်မည့်အလုပ် ကို တွေးနေသည်။

ထိုစဉ် မိန်စုပင်သည် တိုက်ခိုက်နေသည့်လူစုထဲမှ တစ်ဦးတစ်ယောက်ကို မြင်မိလေ၏။

"ဟာ .... ဟိုမှာ .... ဟိုမှာ ...."

သူ့စကားသည် အပြည့်အစုံမဟုတ်ချေ။

ထစ်ငေါ့နေသည်။

"ဘာလဲ .... ဘာလဲ ...."

တာလင်းက အလန့်တကြားမေးလေ၏။

"ဟိုမှာ .... အနက်ရောင်ဝတ်စုံဝတ်ထားတဲ့ မိန်းကလေးဟာ ငါ့ညီမလေးမိန်ချန်ယူပေ့ါ"

"ဟင် .... ရှင့်ညီမလေးဟုတ်လား"

"ဟုတ်တယ် .... ဓားကိုင်ပြီး ပြင်းပြင်းထန်ထန်တိုက်ခိုက်နေတဲ့မိန်းကလေးဟာ ချိန်လီကျန်ဖမ်းထားတဲ့မိန်ချန်ယူပေ့ါ"

တာလင်းက ဝမ်းသာအားရဖြင့် .....

"ဟင် .... ဒါဆိုအကောင်းပဲ၊ ခုနေ ရှင့်ညီမလေးကိုပါ အပါခေါ်ပြီးထွက်ပြေးကြမယ်၊ ရှင့်ညီမလေးကို ရှင်သွားခေါ်ပေတော့"

"အေး .... ဟုတ်တယ်၊ အဲဒီနားသွားရအောင်"

သူတို့နှစ်ယောက်သည် တိုက်ခိုက်မှုပြင်းထန်သည့်ထိုနေရာသို့ သွားကြလေ၏။

အနက်ရောင်ဝတ်စုံနှင့်လူက ... သူတို့ကို ဆီးကြိုတိုက်ခိုက်လေသည်။

မိန်စုပင်သည် ....

ကာလင်းထံမှ သိုင်းပညာ ထိုက်သင့်သလောက်တတ်ထား သဖြင့် ထိုလူ၏ဓားချက်ကိုလွတ်အောင်ရှောင်နိုင်လိုက်သည်။

"ဝိုး ....."

သို့သော် ... ကာလင်းကခုန်ကန်လိုက်သဖြင့် ဝတ်စုံနက်မှာ လဲကျသွားရသည်။

"ဝိုး ....."

"ဝုန်း ....."

ထိုအခါမှ မိန်စုပင်သည် သူ့ညီမရှိရာသို့ ပြေးသွားရလေ၏။

"ညီမလေး .... ညီမလေး .... အစ်ကို ညီမလေးအတွက် စိတ်ပူနေတာ၊ လာ .... ပြေးကြရအောင်"

မိန်ချန်ယူသည် ဓားတရွယ်ရွယ်ဖြင့် သူ့အား မမြင်ဖူးသည့် လူတစ်ယောက်ကိုစိုက်ကြည့်သကဲ့သို့ စိုက်ကြည့်နေ၏။

"ညီမလေး .... ဘာကြည့်နေတာတုံး၊ လာလေ၊ ဒီကထွက် ပြေးကြမယ်"

မိန်စုပင်သည် မိန်ချန်ယူ၏လက်ကိုလှမ်းဆွဲလိုက်သည်။

"ဝိုး ....."

မိန်ချန်ယူက မိန်စုပင်အား ဓားနှင့်ခုတ်ချလိုက်သည်။

မိန်စုပင် ငှဲ့ရှောင်လိုက်ရ၏။

မိန်စုပင် သိုင်းပညာသင်ထားသဖြင့် သတိရှိနေ၍သာ တော်တော့သည်။ သို့မဟုတ်ပါက မလွယ် ....

မိန်စုပင်မှာ အလန့်တကြား ဆက်၍ရှောင်တိမ်းနေရသည်။

"ညီမလေး ..... ညီမလေး ..... သတိထားလေ၊ အစ်ကိုကြီးလေ ..... ညီမလေးမိန်ချန်ယူရဲ့ အစ်ကို မိန်စုပင်လေ"

မိန်စုပင် ကရောရေလွှတ်တတွတ်တွတ်နှင့် ရှင်းပြနေ၏။

မိန်ချန်ယူမှာ စကားလုံးဝမပြောဘဲ ဓားနှင့်သာလိုက်ခုတ်နေလေသည်။

မိန်စုပင်သည် တာလင်းဆီ၌ သိုင်းပညာသင်ထားသဖြင့်သာ ဤသို့ရှောင်နေနိုင်ခြင်းဖြစ်သည်။

မူလအတိုင်း သိုင်းပညာတတ်မြောက်မထားလျှင် ရှောင်တိမ်းပေးနိုင်ဖို့ပင် မလွယ်ချေ။

"မိန်စုပင် ..... သူ့ကိုခေါ်ဖို့ မကြိုးစားနဲ့တော့ ကျွန်မတို့ ဒီနေရာက အမြန်ဆုံးထွက်ပြေးမှဖြစ်လိမ့်မယ်"

တာလင်းက မိန်စုပင်ကို လှမ်းပြော၏။

မိန့်ချန်ယူသည် တာလင်းကိုလည်း တိုက်ခိုက်ပြန်တော့၏။ တာလင်းမှ မိန်ချန်ယူ၏ပြင်းထန်သောဓားချက်များကို အသေအလဲရှောင်တိမ်းနေရပြန်တော့၏။

မိန်စုပင်က အော်၍မေးလိုက်၏။

"ညီမလေး စကားလဲမပြောဘူး၊ ဘာကြောင့် စိတ်ပြောင်း သွားတာလဲ"

"ရှင့် ညီမလေးလဲ တခြားသိုင်းသမားတွေလို လိပ်ပြာနှုတ် ခံထားရပြီလေ၊ ဒီတော့ သူ ဘယ်သူ့ကိုမှ မမှတ်မိတော့ဘူး၊ ဘာခံစား မှုမှမရှိတော့ဘူး၊ ချိန်လီကျန် ခိုင်းသမျှ လျှောက်လုပ်ပေးဖို့ပဲ ရှိတော့ တယ်၊ ဒါကြောင့် ရှင် ရှင်းပြနေရင်လဲ လေကုန်ရုံပဲရှိမယ်၊ သူကတော့ နားလည်မှာ မဟုတ်ဘူး၊ ကျွန်မတို့ အကောင်းဆုံးလုပ်နိုင်တဲ့အလုပ် ကတော့ ဒီနေရာက ပြေးကြဖို့ပဲ၊ သူတို့ဝိုင်းတိုက်ရင် ကျွန်မတို့ ခုခံ နိုင်မှာ မဟုတ်ဘူး"

တာလင်းသည် မိန်ချန်ယူ၏ဓားချက်များကို လွတ်အောင် ရှောင်တိမ်းရင်း မိန်စုပင်အား အော်ပြောနေ၏။

မိန်စုပင် ကောင်းစွာသဘောပေါက်သွားလေပြီ။

မချိတင်ကဲ ဖြစ်မိသည်မှအပ ဘာမျှမတတ်နိုင်တော့ပေ။

သူ့ ညီမလေးမိန်ချိန်ယူသည် လိပ်ပြာနှုတ်သိုင်းပညာဖြင့် တိုက်ခိုက်ခံထားရပြီမဟုတ်ပါလား။

မိန်စုပင်သည် တက်ခေါက်လိုက်မိ၏။

ချိန်လီကျန်ကို ခွင့်မလွှတ်နိုင်လောက်အောင် မုန်းတီးနာ

ကြည်းနေမိတော့သည်။

"ဟိုမှာ ... သူတို့လူတွေ ကျွန်မတို့ကိုတိုက်ဖို့ပြေးလာကြပြီ၊ မိန်စုပင် ကျွန်မတို့ပြေးကြစို့"

မိန်စုပင်နှင့်တာလင်းတို့သည် မိန်ချုန်ယူ၏မားခုတ်ချက်ကို ရှောင်တိမ်းပြီး ထိုနေရာမှ ပြေးထွက်လာကြတော့၏။

ချိန်လီကျန်၏တပည့်များသည် ခြံဝအထိ ပြေးလိုက်လာကြသေးသည်။ အတော်ဝေးရာကိုရောက်မှ ရပ်နားလိုက်ကြ၏။

သူတို့အဝတ်အစားများမှာ ချွေးများ ရွှဲနစ်နေကြလေပြီ။

မိန်စုပင်က ဒေါသသံနှင့်ပြောလိုက်၏။

"ချိန်လီကျန် .... ချိန်လီကျန်၊ တော်တော်ရက်စက်တာလဲ၊ ငါ့ညီမလေးကို လိပ်ပြာနှုတ်ရက်တယ်"

သူသည် မောမောနှင့်မြက်ခင်းပေါ်၌ ပက်လက်လှန်အိပ်လိုက်၏။

သူသည် သူ့ညီမလေးအကြောင်း စဉ်းစားနေသည်။

သူ့ညီမလေးသည် လိပ်ပြာနှုတ်သိုင်းဖြင့် အတိုက်အခိုက်ခံထားရချေပြီ။ သူ့ညီမလေး သူ့ကိုမှတ်မိလာစေရန် သူမည်သို့လုပ်ဆောင်ရပါမည်နည်း။

အကယ်၍ ....

သူသာ မလုပ်ဆောင်နိုင်ခဲ့လျှင် ....

သူညီမလေးသည် အောက်လမ်းသိုင်းသမားဘဝဖြင့် အသက်ဆုံးရှုံးရတော့မည်ဖြစ်ပေသည်။

သူသည့် ချိန်လိုကျန်အား လွန်စွာမုန်းတီးမိလေ၏။

တတ်နိုင်လျှင် အမှုန့်ချေပစ်ချင်သည်။

ယခုတော့ ....

သူ့အနေဖြင့် မုန်းတီးမိသည်မှအပ ဘာမှမတတ်နိုင်ပါချေ။

✲

သိုင်းကျမ်းသဲလွန်စ

နယ်စားကြီး၏အိမ်တော်တွင်ဖြစ်သည်။

ဧည့်သည်တော်များ ဆိုက်ရောက်လာကြသည်။

မည်သည့်အရပ်က ဧည့်သည်များနည်း။

"ကြွကြွပါ၊ အမတ်ကြီးတို့ ရောက်လာတာနဲ့အတော်ပါပဲ"

နယ်စားကြီးသည် ....

ဘုရင်ဧကရာဇ်ထံမှဆိုက်ရောက်လာသော အမတ်ကြီးများကိုကြိုဆိုလိုက်သည်။

အမတ်ကြီးများ၏အခြံအရံများသည် နောက်၌ခပ်ယို့ယို့ ရပ်နေကြလေ၏။ အမတ်ကြီးများဆိုသည့်အတိုင်း သူတို့၌အတော်အသင့် အခြွေအရံများပါရှိလာကြသည်။

အသက်ခြောက်ဆယ်ကျော်ခန့်ရှိမည်ထင်ရသော ငွေရောင်မုတ်ဆိတ်နှင့်လူကြီးက ....

"ဟုတ်တယ် .... ကျုပ်တို့လဲ ခပ်စောစောထဲက ထွက်လာခဲ့ဖို့ပါပဲ၊ ဒါပေမယ့် ဖြေရှင်းဆောင်ရွက်ပေးစရာရှိတာကို ဆောင်ရွက်ပေးနေရလို့ နည်းနည်းကြန့်ကြာသွားပါတယ်"

ထိုငွေရောင်မုတ်ဆိတ်နှင့်ပုဂ္ဂိုလ်ကြီးကား .... နယ်နယ်ရရမဟုတ်ပေ။ ဘုရင်ကေရာဇ်၏လူယုံအမတ်ကြီး လင်ရှူပင်ဖြစ်သည်။

ကျန်တစ်ယောက်မှာ ....

ဘုရင်ကေရာဇ်၏အားထားရသော အထူးတပ်ဖွဲ့မှ ရွှေဓားဆူတုန်ပိုပင်ဖြစ်သည်။

သိုင်းကျမ်းကြီး ပြန်လည်ရရှိရေးအတွက် ကူညီဆောင်ရွက်ရန် ဘုရင်ကေရာဇ်သည် သူတို့နှစ်ဦးအားစေလွှတ်လိုက်ခြင်းဖြစ်၏။

ရွှေဓားဆူတုန်ပိုကား ငွေမုတ်ဆိတ်လင်ရှူလောက တော့ အသက်မကြီးချေ။

ငါးဆယ်ခန့်လောက်သာရှိမည်။ သူကိုင်သည့်ဓားရိုးနှင့် ဓားအိမ်မှာ ရွှေအစစ်ဖြင့်ပြုလုပ်ထားသောကြောင့် ရွှေဓားဆူတုန်ပိုဟုခေါ်ခြင်းဖြစ်သည်။

ငွေမုတ်ဆိတ် လင်ရှူဟုခေါ်ခြင်းမှာလည်း ....

ငွေရောင်မုတ်ဆိတ်ဖြူကြီးရှိနေသောကြောင့်ဖြစ်သည်။

သူတို့သည် ဘုရင်ကြီး၏တိုင်းရေးပြည်ရာများတွင်အကြံပေးသူများဖြစ်ကြရုံတင်မကဲ သိုင်းပညာအရာ၌လည်း ထက်မြက်သူများဖြစ်ကြသည်။

"တပ်မှူးကြီးကော နေကောင်းရဲ့လား"

"နေကောင်းပါတယ်နယ်စားကြီး .... ကျုပ်တို့ထွက်လာတာဟာ အချိန်နည်းနည်းကြာသွားပါတယ်"

"ကဲ .... အမတ်ကြီးနဲ့တပ်မှူးကြီး ခရီးပမ်းလာမယ်လို့ ထင်ပါတယ်၊ ခဏအမောအပန်းဖြေပြီးရင်စားသောက်ကြပါ။ စားသောက်ပြီးမှ အေးအေးဆေးဆေးစကားပြောကြတာပေါ့"

"ရပါတယ်ဗျာ .... ရပါတယ်"

အမတ်ကြီးနှင့်တပ်မှူးကြီးတို့သည် မြင်းပေါ်မှဆင်းလိုက်ကြလေ၏။

သူတို့သည် ခေတ္တအနားယူပြီး စားသောက်ကြလေ၏။

စားသောက်ပြီးသောအခါ ....

"ဒါနဲ့ မေးစမ်းပါရစေဦး၊ သိုင်းကျမ်းက ချိန်လီကျန်ရဲ့လက်ထဲမှာရှိတယ်ဆိုတာ သေချာရဲ့လား"

ငွေမုတ်ဆိတ်လင်ရှူကမေးလိုက်၏။

နယ်စားကြီးဝမ်ကျိုးဝေသည် စဉ်းစဉ်းစားစားဟန်ဖြင့် ပြောလေ၏။

"သူ့လက်ထဲမှာရှိနေတာကို မျက်စိနဲ့တပ်အပ်မြင်ရသေးတာ မဟုတ်တော့ သေချာပေါက်ပြောဖို့ကတော့ မရဘူး၊ ဒါပေမယ့် သူ့ဆီမှာရှိနေတယ်ဆိုတာတော့ သေချာပါတယ်၊ အမတ်ကြီးပဲ စဉ်းစားကြည့်လေ၊ ကျုပ်မိတ်ဆွေမိန်ဂူးချန်ဟာ အင်မတန်ရိုးသားတဲ့လူပါ၊ ဒီတော့ သိုင်းကျမ်းက သူ့ဆီမှာမရှိရင် ဘယ်သူ့ဆီမှာရှိရမှာလဲ"

နယ်စားကြီးဝမ်ကျိုးဝေက ထိုစကားကို စိတ်ချလက်ချပြောလိုက်ခြင်းဖြစ်သည်။

ထိုစကားကလည်း .... လက်ခံနိုင်လောက်စရာဖြစ်နေသောကြောင့် ငွေမုတ်ဆိတ်လင်ရှူက ခေါင်းတစ်ချက်ညိတ်လိုက်လေသည်။

ထို့နောက် .... သူ့ဘေးတွင်ရှိနေသော ဆူတုန်ပိုကို အကဲခတ်လိုက်သည်။

"ဆူတုန်ပို.... ခင်ဗျားဘယ်လိုမြင်သလဲ၊ ခင်ဗျားရဲ့ထင်ကြေးလေးဘာလေး ပြောစမ်းပါဦးဗျ"

ဆူတုန်ပိုသည် ကြေပန်းကန်ထဲသို့အရက်လောင်းငှဲ့ထည့်နေရာမှရပ်တန့်လိုက်ပြီး ....

"ထင်ကြေးဆိုတာ သေချာတာမှမဟုတ်ဘဲဗျာ .... ဒီတော့

ထင်ကြေးတွေဘာတွေကို ကျုပ်ကတော့ သိပ်မပြောချင်ဘူး၊ မှားချင်လဲ မှားနိုင်တယ်မဟုတ်လားဗျ၊ အကောင်းဆုံးကတော့ တိတိကျကျမေးမြန်းစုံစမ်းတာကတော့ အကောင်းဆုံးပါပဲ"

ရွှေခားဆူတုန်ပို၏စကားမှာ အမှန်ဆုံးပင်။

ငွေမှတ်ဆက်လင်ရှုနှင့် နယ်စားကြီးဝမ်ကျိုးဝေတို့မှာ ခေါင်းတဆတ်ဆတ်ညိတ်နေရတော့သည်။

နယ်စားကြီးဝမ်ကျိုးဝေက ....

"ခင်ဗျားပြောတာ မှန်ပါတယ်၊ သေသေချာချာစုံစမ်းပြီးမှအဖြေပြောသင့်တာပေ့ါ၊ ခုကိစ္စက သိပ်ရှင်းလင်းနေတော့ ကျုပ်ကချိန်လီကျုန်ပဲထင်တယ်"

တပ်မှူးကြီးဆူတုန်ပိုက .....

"အင်းပါလေ ..... နယ်စားကြီးထင်တာလဲ အလွန်တော့မရှိပါဘူး၊ ထင်လောက်စရာအနေအထားမျိုးမှာ ရှိနေတာကိုး၊ သိုင်းကျမ်းသူ့ဆီမှာ ရှိနေမနေဆိုတာ တိတိကျကျသိဖို့ကတော့ သူ့ဆီကိုကိုယ်တိုင်ကိုယ်ကျလိုက်သွားမှဖြစ်မယ်"

"ဟုတ်တယ်နယ်စားကြီး၊ ဆူတုန်ပိုပြောတာမှန်တယ်၊ ကျုပ်တို့တစ်တွေ ချိန်လီကျုန်ကိုသွားတွေ့ရမယ်၊ ဒီကောင်ကတော့ ကျုပ်တို့ကိုရှောင်နေမှာသေချာတယ်၊ လိုအပ်ရင် ကျုပ်တို့သူ့ကိုဖမ်းရမယ်"

အမတ်ကြီးငွေမုတ်ဆိတ်လင်ရှုက ပြောလိုက်၏။

"ကိစ္စမရှိပါဘူး ..... သူက ဖူချောင်မှာအနေများတော့ သူ့ကို ဖမ်းမိနိုင်ပါတယ်၊ ဖူချောင်နဲ့ဒီမြို့က သိပ်မဝေးပါဘူး .... နေ့ဝက်ခရီး လောက်ပဲသွားရပါတယ်"

နယ်စားကြီးဝမ်ကျိုးဝေက ပြောလိုက်၏။

"ချိန်လီကျန်က ဖူချောင်မှာရှိနေပွဲမလား။ သူ သိုင်းကျမ်းကို တိုက်ပြီးကတည်းက ရှောင်ချင်ရှောင်နေမှာပေါ့"

ရွှေဓားဆူတုန်ပိုကပြောလိုက်၏။

"ဒီလောက်လဲ စိတ်ပူမနေပါနဲ့ တပ်မှူးကြီးရယ်၊ သူ ဖူချောင် မြို့မှာရှိနေမှာပါ၊ နောက်ဆုံး ... ဖူချောင်မြို့မှာ မရှိတော့ဘူးဆိုရင်လဲ လိုက်ရှာရမှာပေါ့၊ သူမြေလျှိုးမိုးမပျံနိုင်ပါဘူး၊ ကျုပ်တို့လက်ထဲက ဘယ်သူမှမလွတ်နိုင်ပါဘူး"

နယ်စားကြီးဝမ်ကျိုးဝေက ပြော၍လိုက်သည်။

ဝမ်ကျိုးဝေကဆက်လက်၍ပြောသည်။

"တစ်ခုတော့မျှော်မှန်းထားရမယ်၊ အောက်လမ်းသိုင်းလော ကမှာ သူဟာသြဇာရှိတယ်၊ ဒီတော့ အောက်လမ်းသိုင်းလောကသား တွေက ကျုပ်တို့ကိုခုခံကြမှာတော့သေချာတယ်"

အမတ်ကြီးငွေရောင်မုတ်ဆိတ်လင်ရှုက .....

"ဒါတော့ နယ်စားကြီးရယ် .... ကျုပ်တို့ဘက်က အင်အား သုံးသင့်ရင်လဲ သုံးရမှာပေါ့"

ရွှေမားဆူတုန်ပိုက ....

"အင်အားအတွက်ကတော့ စိတ်ချပါ၊ ကျုပ်ရဲ့လက်ရွေးစင် တပ်သားတွေကိုရွေးပြီး ခေါ်သွားရင်ဖြစ်ပါတယ်"

"ဒါဆို ဘယ်နေ့သွားမလဲ"

"အချိန်ကြာသွားရင် မကောင်းဘူးဗျ၊ မနက်ဖြန်ပဲ သွားကြ တာပေါ့"

"ဒါဆိုရင် ကျုပ်ရဲ့လက်ရွေးစင်တပ်သားတွေကိုလဲ အဆင် သင့်ပြင်ထားရပေမပေါ့"

သူတို့သည် မနက်ဖြန်တွင် ချိန်လီကျန်ထံသို့ သွားရောက်ရန် ဆုံးဖြတ်လိုက်ကြတော့၏။

❋

နောက်တစ်နေ့မနက်စောစောတွင် .... ဝမ်ကျိုးဝေတို့ လူစု ဖန်ရှာမြို့နေအိမ်မှဖူချောင်မြို့ဆီသို့ ဦးတည်ထွက်သွားကြလေတော့ သည်။ အားလုံးမြင်းကိုယ်စီနှင့်ဖြစ်သည်။

နယ်စားကြီး၊ ငွေမုတ်ဆိတ်လင်ရှုနှင့် အထူးတပ်မှူးဆူတုန်ပို တို့ခေါင်းဆောင်မည်ကိုကား ပြောစရာမလိုတော့ချေ။

ဖန်ရှာမြို့သားများ အထိတ်လန့်စေရန် နယ်စားကြီးသည် အေးအေးဆေးဆေးပင်ထွက်ခွာလာ၏။

ဖန်ရှာမြို့ပြင်သို့ရောက်မှ ... မြင်းများကိုဒုန်းစိုင်းစီးလေ၏။ လွင်ပြင်များ၊ သစ်တောအုပ်များနှင့် ရွာငယ်လေးများကိုဖြတ်ကျော် ပြီးသောအခါတွင်တော့ ဖူချောင်မြို့ကိုလှမ်းမြင်ရတော့သည်။

နယ်စားကြီးဝမ်ကျိုးဝေက ....

"ကဲ .... အမတ်ကြီးလင်ရှု ဖူချောင်မြို့ကိုတွေ့နေရပြီ၊ မကြာ မီ ချိန်လီကျန်နဲ့တွေ့ကြရတော့မယ်"

အမတ်ကြီးလင်ရှုက ....

"ချိန်လီကျန် .... သိုင်းပညာအဆင့်မြင့်တယ်လို့တော့ ပြော ကြတယ်၊ သူ့ကိုတွေ့တော့မှပဲ ဘယ်လောက်အဆင့်မြင့်သလဲဆိုတာ သိရတော့မယ်"

ရွှေဓားဆူတုန်ပိုကလည်း ....

"အေး .... ဟုတ်တယ်၊ အမတ်ကြီးပြောတာမှန်တယ်၊ သူ ဘယ်လောက်စွမ်းသလဲဆိုတာ တွေ့ရတော့မှာပေါ့"

နယ်စားကြီးဝမ်ကျိုးဝေက .....

"ကဲ .... ကဲ ..... တွေ့ကြတော့မှ သူ့အစွမ်းဘယ်လောက် ကောင်းတယ်ဆိုတာကို ကြည့်ကြပေတော့၊ ခုတော့ မှုချောင်မြို့ထဲကို ဝင်ကြစို့"

မြင်းတပ်သားများသည် ....

နယ်စားကြီးဝမ်ကျိုးဝေ၊ အမတ်ကြီးလင်ရှုနှင့် ရှေ့မားဆူတုန် ပိုတို့၏ဦးဆောင်မှုနောက်သို့ တက်ကြွစွာလိုက်သွားလေတော့၏။

မြေခွေးတုံးထင်သည် အရေးတကြီး အပေါ်ထပ်သို့ပြေး တက်သွား၏။

"ဆရာကြီး .... ဆရာကြီး ...."

မြေခွေးတုံးထင်၏ အလောတကြီးခေါ်မှုကြောင့် အရက် သောက်နေသော ချိန်လီကျန်သည် ဒေါသဖြင့် လှည့်ကြည့်လိုက်၏။

"တုံးထင် ..... ဘာကြောင့် ဒီလောက်အရေးတကြီးဖြစ်လာ တာလဲ"

"အရေးကြီးတယ်ဆရာကြီး ..... နယ်စားကြီးဝမ်ကျိုးဝေတို့ အဖွဲ့ ခြံရှေ့ကိုရောက်လုလုရှိနေပါပြီဆရာကြီး"

"ဘာ ....."

ချိန်လီကျန်မှာ တုံးထင်၏စကားကြောင့် တုန်လှုပ်သွားမိ သည်။ နယ်စားကြီးဝမ်ကျိုးဝေတို့အဖွဲ့ ခြံရှေ့သို့ရောက်လုလုရှိ နေပြီ ဆိုပါကလား။

ယခုအချိန်မှာတော့ ရှောင်၍လည်းမရတော့ချေ။

သိုင်းကျမ်းအလုခံလိုက်ရသောကိစ္စအတွက် ဖြေရှင်းရန် လိုက်လာခြင်းမှလွဲ၍ အခြားအကြောင်းမရှိပေ။

"ဝမ်ကျိုးဝေကိုယ်တိုင်ပါသလား"

"ပါတယ်ဆရာကြီး .... ဝမ်ကျိုးဝေကိုယ်တိုင်တင်မကဘူး၊

အမတ်ကြီးလင်ရှုနဲ့ အထူးတပ်မှူးရွှေစားဆူတုန်ပိုလဲ သူနဲ့အတူလိုက်ပါလာကြပါတယ်”

လိပ်ပြာနှုတ်သိုင်းသမားချိန်လီကျန်မှာ လွန်စွာဦးနှောက်ချောက်သွားမိတော့၏။

နယ်စားကြီး ဝမ်ကျိုးဝေတစ်ယောက်တည်းဆို တော်သေးသည်။ အမတ်ကြီးလင်ရှုနှင့်အထူးတပ်မှူးတို့ပါလာသည်ဆိုသဖြင့် သူ့အတွက် အန္တရာယ်များနေသည်။

အမတ်ကြီးသည် ဘုရင်မင်းမြတ်၏ယုံကြည်ကိုးစားခြင်းကို ခံရသည်။ အထူးတပ်မှူးပါလာသည်မှာလည်း သူ့အတွက်မကောင်းချေ။

ဤလူများကို မည်သို့ဖြေရှင်းပြရမည်နည်း။

သူ့ဆီမှာသိုင်းကျမ်းမရှိပါဟုပြောလျှင်လည်း ယုံကြည်ကြမည်မဟုတ်ချေ။ သိုင်းကျမ်းကိုလုယက်သူဆိုပြီး ဖမ်းဆီးကြမည်မှာ သေချာပေသည်။

“ဘယ်လိုလဲဆရာကြီး .... သူတို့ကိုဝင်ခွင့်ပေးလိုက်ရမလား”

မြေခွေးတုံးထင်က ချိန်လီကျန်၏သဘောထားကို မေးမြန်းလိုက်သည်။

ချိန်လီကျန် အနည်းငယ်စဉ်းစားလိုက်သည်။

ပြီးမှ ....

"ဒါနဲ့ ဝမ်ကျိုးဝေရဲ့လူတွေက ဘယ်လောက်များများပါလာသလဲ"

ဟုမေးလိုက်လေ၏။

"ဝမ်ကျိုးဝေရဲ့လူတွေမဟုတ်ပါဘူးဆရာကြီး၊ အထူးမြှင်းကပ်သားတွေပါ သုံးဆယ်ကျော်လောက်ရှိပါလိမ့်မယ်"

"ငါတို့ဆီမှာ လောလောဆယ် လူဘယ်နှစ်ယောက်လောက်ရှိသလဲ"

"နှစ်ဆယ်ကျော်လောက်ရှိပါတယ်"

"လျှပ်စစ်ဓားဂူကျင်ပို့ရော ရှိသလား"

"ရှိပါတယ်"

"ဆူထန်ရော ......"

"ရှိပါတယ်"

"အေး .... ဒီလိုဆိုရင် အားလုံးအသင့်ပြင်ထားကြ၊ ပြီးရင် ခြံတံခါးဖွင့်၊ ဝင်ခွင့်ပေးလိုက်၊ သူတို့နဲ့ငါဆွေးနွေးမယ်၊ ဆွေးနွေးလို့ အဆင်မပြေဘူးဆိုရင်တော့ မင်းတို့စပြီးတိုက်ပေတော့"

"ဟုတ်ကဲ့"

မြေခွေးတုံးထင်သည် အခန်းထဲမှထွက်ခွာသွားလေ၏။

ချိန်လီကျန်သည် နဖူးပေါ်မှ စီးကျလာသည့် ချွေးများကို အင်္ကျီလက်အနားဖြင့် သုတ်ပစ်လိုက်မိသည်။

ဖြေရှင်းရမည့် ပြဿနာက ကြီးမားလှသည် မဟုတ်ပါလား။ တစ်ခုတော့ ခံသာပါသေးသည်။ သူချစ်သည့် သမီးလေးချိန်ယင်ခုန် တစ်ယောက် အိမ်မှာမရှိဘဲ ဖြစ်နေသည် မဟုတ်ပါလော။

သူ့အတွက် စိတ်ပူဖို့မလိုတော့ချေ။

မကြာမီ .... နယ်စားကြီးဝမ်ကျိုးဝေ၊ အမတ်ကြီးလင်ရှုနှင့် အထူးတပ်မှူးရွှေမားဆူတုန်ပိုတို့သည် အိမ်ထဲသို့ဝင်လာကြလေ၏။

ထိုအခါ .... လိပ်ပြာနှုတ်သိုင်းသမားချိန်လီကျန်က ဦးညွှတ် ဂါရဝပြုသည်။

"ကြွကြွပါ .... ကြွကြွပါ"

နယ်စားကြီးတို့သည် ဧည့်ခန်းထဲ၌ထိုင်လိုက်ကြသည်။

ထိုင်လျှင်ထိုင်ချင်း နယ်စားကြီးဝမ်ကျိုးဝေက .....

"ချိန်လီကျန် .... ကျုပ်တို့လာရောက်ကြတာဟာ သိုင်းကျမ်း ကိစ္စပဲ၊ ခင်ဗျားဟာ ဘုရင့်သိုင်းကျမ်းကိုဖြတ်လုယူတဲ့အတွက် မင်းပြစ် မင်းဒဏ်သင့်နေပြီ .... သိုင်းကျမ်းပြန်ပေးရင် ဟောဒီကအမတ်ကြီးနဲ့ တပ်မှူးကြီးက ပြစ်ဒဏ်ကိုလျှော့လျှော့ပေါ့ပေါ့ဖြစ်အောင် လုပ်ပေး ကြပါလိမ့်မယ်"

ရှိန်လီကျန် အသံမှန်ဖြစ်အောင် ကြိုးစား၍ပြောလိုက်၏။

"ကျွန်တော့်မှာ ဘာသိုင်းကျမ်းမှမရှိပါဘူးခင်ဗျာ၊ ကျွန်တော် လုယက်ခဲ့တာကတော့မှန်ပါတယ်၊ ဒါပေမယ့် .... သေတ္တာကြီးထဲမှာ ဘာမဟုတ်တဲ့စာအုပ်အထူကြီးတစ်အုပ်ပါလာတာကလွဲလို့ ဘာသိုင်း ကျမ်းမှ မပါပါဘူးခင်ဗျာ"

ဝမ်ကျိုးဝေက မျက်နှာထိမျက်နှာထားနှင့် .....

"ဒါတော့ ခင်ဗျားသက်သက်လိမ်တာပဲ .... သိုင်းကျမ်းဟာ သေတ္တာထဲမှာ ရှိကိုရှိရမယ်၊ ဘာမဟုတ်တဲ့ စာအုပ်အထူကြီးတစ်အုပ် ပါတယ်ဆိုတာ မဖြစ်နိုင်ဘူး။ အဲဒီ ဘာမဟုတ်တဲ့စာအုပ်ထူကြီးဟာ ခင်ဗျားထည့်ထားတဲ့စာအုပ်ပဲဖြစ်မယ်"

ရှိန်လီကျန်သည် ပထမ၌ အေးအေးသက်သာဖြေရှင်းရန် ကြိုးစားသည်။ သို့သော် .... နယ်စားကြီးဝမ်ကျိုးဝေက သူ၌ သိုင်း ကျမ်း ရှိကိုရှိရမည်ဟုပြောလာသောအခါ သူသည် ဒေါသထွက်လာ လေတော့သည်။

"ကျုပ်က အမှန်အတိုင်းပြောနေတာပါ၊ ကျုပ်လုယက်ခဲ့တာ မှန်တယ်၊ ဒါပေမယ့် သိုင်းကျမ်းကိုမရခဲ့ဘူး။ ယုံတာ မယုံတာကတော့ နယ်စားကြီးတို့သဘောပဲ"

ရှိန်လီကျန်သည် စောစောကလို အောက်ကျို့ခံ၍ပြောမနေ